# တောင်ကြီးမဟာစည်ရိပ်သာ ဖြစ်မြောက်ရေးအတွက်

# ချီးမြှောက်ထောက်ပံ့သောစာ



The Ven. Mahasi Sayadaw,
Bhadanta Sobhana,
Agga Maha Pandita.

(၈၈)

Thathana Yeiktha,
16, Hermitage Road,
Rangoon, Burma.
Cable: "MAHASI, RANGOON"
Telephone: 50392

၄-၁၂-၈၀ ...........19 .

ဒါယကာဦးထွန်းဝ-သို့
၂၀-လမ်းမတော်
ညောင်ရွှေ-တော်ကုန်းရပ်
တောင်ကြီးမြို့

ပြန်ကြားလိုက်ပါသည်။

ဒါယကာကြီးထံမှ စာကို (၂၁-၁၁-၈၀) ရက်က ရခဲ့ပါသည်။ ထိုစာကို ဖတ်ကြည့်ရသောအခါ ပဋိပတ္တိသာသနာပြုရန်အတွက် ကောင်းစွာ ပြည့်စုံနေသည်ဟု သိရပါသည်၊ တောင်ကြီးမှ အခြားဒါယကာ ဒါယိကာမတို့ကလည်း သဒ္ဓါတရား ပြည့်စုံကြ၍ သာသနာတော်ကို အလေးအမြတ်ပြုကြသောကြောင့် စေတနာထက်သန်စွာဖြင့် ကူညီကြ၍လှူဒါန်းကြပါပေသည်ဟူ၍လည်း ချီးမွမ်းအပ်ပါသည်။

သို့သော်လည်း ထိုစဉ်အခါက စာပြန်ကြားရန်မလို၊ နောင် တွေ့ကြသောအခါတွင်မှ ချီးမွမ်းအားပေးစကား ပြောကြားမည်ဟု စဉ်းစားထားခဲ့ ပါခဲ့ပါသည်။ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ဝင် ဒကာကြီးတဦးထံမှ စာပြန်ကြားခြင်းကို မျှော်လင့် နေကြောင်းကြားရ၍ ယခု ဤစာကို ပေးပို့လိုက်ရပါသည်။

ဒါယကာကြီး၏ ကမ္မဋ္ဌာန်း ဌာနမှာ အများက ရှိသေ လေးစားရန်၊ လာရောက်၍ ကျင့်သုံးကြရန်၊ အကျိုးတိုးတက်စေရန် လိုအပ်သောကြောင့် ကမ္မဋ္ဌာန်း ဌာနဝ၌ ဖွင့်သောအခါ ရန်ကုန်သာသနာ့ရိပ်သာမှ ဖြစ်စေ၊ အခြားရိပ် [illegible]သာမှ ဖြစ်စေ ထူးခြားသော ကမ္မဋ္ဌာနာစရိယ တပါးကို ရက်ပိုင်း လပိုင်းမျှ စွမ်းနိုင်သမျှ လာရောက်၍ စောင့်ရှောက်အားပေးစေရန် ရည်ရွယ်ထားပါသည်၊ အမြဲတန်း နေထိုင်စောင့်ရှောက်စေရမည့်ပုဂ္ဂိုလ်ကိုလည်း အထူးစိစစ်၍ ပို့ပေးရန်စဉ်းစားထား ပါသည်။ ဘုန်းကြီး ကိုယ်တိုင်လည်း အစအဦး ဖွင့်ပွဲအနေဖြင့် လာရောက်၍ ချီးမြှောက်ရန် စဉ်းစားထားပါသည်။

ဒါယကာကြီး၏ စာထဲ၌ ဆရာတော်တပါးကို နှစ်ပတ်လည်ပူဇော်ပွဲအတွက် ဖိတ်ကြားရန် လျှောက်ထားချက်အရ ဘုန်းကြီးက ဖိတ်ကြားရန်တော့ မသင့်ပါ၊ ဘာကြောင့်လဲ ဆိုတော့- ဘုန်းကြီးက မည်သည့်ဆရာတော်ကိုမျှ ဖိတ်ကြားခြင်း မပြုခဲ့ပါ၊ မဟာစည်ရိပ်သာဌာနများမှ ရဟန်းတို့ကို ဟောင်မှ ဘုန်းကြီး ကိုယ်တိုင် မဖိတ်ကြားခဲ့ဘူးပါ။ ဖိတ်ကြားလျှင် ကိုယ်ကျိုးအတွက် ပြုရာရောက်သည်ဟု ထင်ဘွယ်ရှိပါသည်။ သို့ဖြစ်သောကြောင့် သင့်လျော်သောဆရာတော်ကို ဒါယကာကြီးကပင် ပင့်လာခဲ့စေလိုပါ၏။ ထိုသို့ ပင့်လာသည်ကို ဘုန်းကြီးက လက်ခံပါသည်။

ကျန်းမာချမ်းသာစွာနှင့် သာသနာရေးကိစ္စကို တိုးတက်၍ ဆောင်ရွက်နိုင်ပါစေ။

(signature)
(အရှင်သောဘန)
မဟာစည်ဆရာတော်
သာသနာ့ရိပ်သာ၊ ရန်ကုန်